# ရန်ကုန်မြို့ ဘိလပ်မြေဈေးကွက် (၂၀၁၉)





# မာတိကာ

၁။ ဈေးကွက်ခြုံငုံ သုံးသပ်ချက်

(က) ဘိလပ်မြေ ဈေးကွက်တန်ဖိုး

(ခ) ဈေးကွက်အတွင်းရှိ ဘိလပ်မြေ အမျိုးအစားများ

(ဂ) ဘိလပ်မြေ တံဆိပ်အလိုက် ဈေးနှုန်းများ

၂။ ဘိလပ်မြေစတင်ဖြစ်ပေါ်လာပုံနှင့် ဘိလပ်မြေနှင့် ပတ်သက်သည့်အကြောင်းအရာများ

(က) အမှတ်တံဆိပ် တစ်ခုချင်းစီ၏ အချက်အလက်များ

(ခ) ဘိလပ်မြေစက်ရုံများ၏ တည်နေရာပြမြေပုံ

# မာတိကာ

၃။ ဈေးကွက်ဦးဆောင်သူများ

(က) ဈေးကွက်အတွင်းအရောင်းရဆုံး တံဆိပ် (၅)ခု

(ခ) ဈေးကွက်အတွင်း အကြီးမားဆုံး ဖြန့်ဖြူးသူ၊ ကုမ္ပဏီ (၅)ခု

၄။ ဘိလပ်မြေအရောင်းဆိုင်များ၏ အချက်အလက်များ

(က) ရောင်းချမှုပုံစံနှင့် ငွေချေစနစ်

(ခ) အရောင်းကိုယ်စားလှယ်များအတွက် အကျိုးခံစားခွင့်များ

၅။ အနာဂတ် ခန့်မှန်းချက်

(က) ဘိလပ်မြေဈေးကွက်၏ အလားအလာ

(ခ) ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများ

# ၁။ ဈေးကွက်ခြုံငုံ သုံးသပ်ချက်

## (က) ဘိလပ်မြေ ဈေးကွက်တန်ဖိုး (၂၀၁၈-၁၉ ဘဏ္ဍာနှစ်)

| Import | No. of Factories | Production Capacity (tonnes per day) | Local Production (1 year) | Total Estimated Market Value (USD million) |
|---|---|---|---|---|
| 753,000 tonnes | | | 6,682,500 tonnes | |
| 15,060,000 Bags (1 Bag = 20 tonnes) | | | 133,650,000 Bags (1 Bag = 20 tonnes) | |
| 81,324,000,000 Kyats (5400 kyats per bag) | 14 | 44,550 | 721,710,000,000 Kyats (Avg 5400 kyats per bag) | 535.36 |
| 54,216,000 USD (1 USD = 1500 kyats) | | | 481,140,000 USD (1 USD = 1500 kyats) | |
| 54.22 USD million | | | 481.14 USD million | |

*Calculated based on data from MOI and MOPF*

- ၂၀၁၈-၁၉ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ ဘိလပ်မြေဈေးကွက်၏ ဈေးကွက်တန်ဖိုးအား တွက်ချက်မည်ဆိုပါက ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၃၅ သန်းခန့်ရှိသည်။

# (၁) ဈေးကွက်အတွင်းရှိ ဘိလပ်မြေ အမျိုးအစားများ

- အောက်ပါ ဘိလပ်မြေ အမျိုးအစားများကို ယနေ့ခေတ် နိုင်ငံတကာဈေးကွက်တွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသော်လည်း မြန်မာနိုင်ငံဈေးကွက်တွင် Ordinary Portland Cement (OPC) ကိုသာ အဓိကအသုံးပြုကြသည်ကို သိရှိရသည်။

| Sr. | HS Code | Cement Type | Applications |
|---|---|---|---|
| 1 | 25232910 | Ordinary Portland Cement (OPC) | General use (making concrete, motar, plaster, etc.) |
| 2 | 25232930 | Portland Pozzolana Cement (PPC) | Mass concrete constructions like high-rise building and underwater concrete structures such as bridges, piers, dams, etc. |
| 3 | 25233000 | Rapid Hardening Cement | Prefabricated concrete construction |
| 4 | 252330 | Extra Rapid Hardening Cement | Cold weather concreting |
| 5 | 2523300000 | Low Heat Cement | Massive concrete construction (footings, large raft slabs, gravity dams, thick pavements, etc.) |
| 6 | 25232990 | Sulphate Resisting Cement | Sea coast, soil or saline groundwater |

# (ခ) ဈေးကွက်အတွင်းရှိ ဘိလပ်မြေ အမျိုးအစားများ

| Sr. | HS Code | Cement Type | Applications |
|---|---|---|---|
| 7 | 25232940 | Portland Slag Cement | Mass concrete structures (dams, water treatment plants, marine and off-shore structures) |
| 8 | 25239020 | High Alumina Cement | Concrete structures are subjected to high temperatures like workshop, refractory, foundries, etc. |
| 9 | 25232100 | White Cement | Architectural purposes such as pre-cast curtain wall and facing panels etc. |
| 10 | 25232920 | Coloured Cement | Decorative works in floor and ceiling and ground of tiles. |
| 11 | 25239090 | Oil Well Cement | Petroleum industry for the cementing work during the drilling of gas and oil well |

*Source: gharpedia.com*

# (ခ) ဈေးကွက်အတွင်းရှိ ဘိလပ်မြေ အမျိုးအစားများ

- မြန်မာနိုင်ငံ ဘိလပ်မြေဈေးကွက်အတွင်း အသုံးပြုလျက်ရှိသော ဘိလပ်မြေ တံဆိပ်အများစုသည် ၄၂၅ နှင့် ၅၂၅ အဆင့်များဖြစ်ပြီး ၎င်းတို့သည် ဥရောပနိုင်ငံများတွင် အသုံးများသည့် စံနှုန်းတစ်ခုဖြစ်သည်။ ၄၂၅ အဆင့်ကိုမှ အများဆုံးအသုံးပြုကြသည်။
- SCG ဘိလပ်မြေတစ်ခုသာ အမေရိကန်စံချိန်စံနှုန်း ASTM C 150 ဖြင့်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ယင်းသည် အနောက်နိုင်ငံအများစုတွင် အသုံးများသည့် စံနှုန်းတစ်ခုဖြစ်သည်။
- ရန်ကုန်မြို့ ဘိလပ်မြေဈေးကွက်တွင် အသုံးပြုလျက်ရှိသော ဘိလပ်မြေ တံဆိပ်များကို အောက်ပါအတိုင်း တွေ့နိုင်သည်။



SCG (မော်လမြိုင်ဆင်), Alpha, Apache, Crown,

Double Rhinos (ကြံ့နှစ်ကောင် အနီ), Blue Diamond,

KBZ, Max, Tiger Head (ကျားခေါင်း), Yojin,

AAA, Sin Minn, Dragon, Rhino

# (ဂ) ဘိလပ်မြေ တံဆိပ်အလိုက် ဈေးနှုန်းများ

| ၆,၇၀၀ ကျပ် | ၅,၆၀၀ ကျပ် | ၅,၃၀၀ ကျပ် |
|---|---|---|
| • SCG (မော်လမြိုင်ဆင်) | • Alpha<br>• Max | • Double Rhinos (ကြံ့နှစ်ကောင် အနီ)<br>• Apache<br>• Crown<br>• Blue Diamond<br>• KBZ<br>• Tiger Head (ကျားခေါင်း)<br>• Yojin<br>• AAA<br>• Horse Head<br>• Dragon<br>• Rhino |

# ၂။ ဘိလပ်မြေ စတင်ဖြစ်ပေါ်လာပုံ



- ယနေ့ခေတ် ဆောက်လုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနေကြသည့် ဘိလပ်မြေကို ဘီစီ ၁၀၀ ခန့်က ရောမအဆောက်အဦး တည်ဆောက်သူများက စတင်တီထွင် ထုတ်လုပ်ခဲ့ကြသည်။

- ဘိလပ်မြေကိုစမ်းသပ် မထုတ်လုပ်နိုင်သေးခင် အချိန်က ရောမအဆောက်အဦး တည်ဆောက်သူများသည်ဘိလပ်မြေအစားမီးတောင်မှ ထွက်သည့် အမှုန့် (ပြာ) တစ်မျိုးကို ဖျော်စပ် အသုံးပြုခဲ့ကြသည်။
- ထိုပြာကို ထုံးကျောက်နှင့်ရော၍ မီးဖုတ်ပြီး ရေနှင့် ထပ်မံရောနှောပါက အလွန်မာသည့် ဘိလပ်မြေ အဖြစ်ရရှိသည်။



# ၂။ ဘိလပ်မြေနှင့် ပတ်သက်သည့် အကြောင်းအရာများ

- ယင်းနောက် ထုံးကျောက်နှင့် ရွှံ့ကိုစနစ်တကျရောစပ်ပြီး အလွန် ပြင်းထန်သောအပူချိန်တွင် မီးဖုတ်ခြင်းဖြင့် အားကောင်းသောကျောက်စရစ်များ ရရှိလာသည်ကို တွေ့ရှိခဲ့ရသည်။
- ထိုကျောက်စရစ်များကို ချော်ခဲဟုခေါ်ပြီး ထိုချော်ခဲများကို အမှုန့်ကြိတ်ပြီး ဂျစ်ပဆမ်(Gypsum) ဟုခေါ်သောမြေဖြူကဲ့သို့ အလားသဏ္ဍာန်ရှိသည့် အဖြူရောင်သတ္တုဒြပ်နှင့် ပေါင်းစပ်လိုက်သော အခါ ဘိလပ်မြေ ဟူသော ပစ္စည်းတစ်မျိုးရရှိလာသည်ကို တွေ့ရှိခဲ့ရသည်။
- ယခုခေတ် ဘိလပ်မြေ စက်ရုံများ၌ ဘိလပ်မြေထုတ်လုပ်ရာတွင် ထုံးကျောက်၊ သဲကျောက်၊ ရွှံ့ကျောက်၊ ဂဝံကျောက်နှင့် ဂေါ်ဒန်ကျောက် ဟူ၍ ပစ္စည်းငါးမျိုးဖြင့် ထုတ်လုပ်ကြသည်။
- ထုံးကျောက်၊ သဲကျောက်၊ ရွှံ့ကျောက်နှင့် ဂဝံကျောက်တို့ကို အချိုးကျရော၍ မီးလင်းဖိုထဲတွင် အရည်ကျိုရသည်။
- အရည်ကျို၍ ထွက်လာသည့် အရည်များကို ချက်ချင်းအအေးခံကာ အမှုန့်ကြိတ်၍ ဂေါ်ဒန်ကျောက်ဖြင့် ရောစပ်လျှင် ဈေးကွက်ဝင် ဘိလပ်မြေကို ရရှိလာမည်ဖြစ်သည်။

# ၂။ ဘိလပ်မြေနှင့် ပတ်သက်သည့် အကြောင်းအရာများ

- ဘိလပ်မြေ၏ အအိပ်မြန်မှုနှင့် ခံနိုင်အားကောင်းစေရန် ဖျော်စပ်ပြီးသော ဘိလပ်မြေကို ဖျော်စပ်ပြီး တစ်နာရီခွဲမှ နှစ်နာရီအတွင်း အသုံးပြုရသည်။
- ထုတ်လုပ်ပြီး ဘိလပ်မြေကို ဈေးကွက်အတွင်းရောင်းချရာတွင် စက္ကူအိတ်(သို့)သံပုံးများဖြင့် ရောင်းချလေ့ရှိပြီး ဘိလပ်မြေ တစ်အိတ်လျှင် ၁၁၂ ပေါင်ခန့်အလေးချိန်ရှိသည်။
- အိတ်အတွင်းပါဝင်သော ဘိလပ်မြေသီးသန့်၏ အလေးချိန်သည် ၁၁၀.၅ ပေါင်ခန့်ရှိသည်။
- မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် ဘိလပ်မြေအရည်အသွေး အဆင့်နှစ်ခုရှိသည်။ ယင်းတို့မှာ ၄၂၅ နှင့် ၅၂၅ တို့ဖြစ်သည်။
- ထိုကိန်းဂဏန်းများသည် ဘိလပ်မြေ၏ ကွန်ကရစ်ပြုလုပ်နိုင်သည့် မာကျောမှုနှင့်ဖိအား အမြင့်ဆုံးခံနိုင်သည့်အပေါ် မူတည်၍ အရည်အသွေး ကွာခြားခြင်းဖြစ်သည်။
- ဆားငန်ရည်ထိစပ်သည့် အဆောက်အအုံများသည် မာကျောမှုအဆင့်မြင့်သည့် ဘိလပ်မြေကို သုံးရသည်။

MMRD RESEARCH DIVISION

INdustry INsight

# (က) ဘိလပ်မြေ တံဆိပ်တစ်ခုချင်းစီ၏ အချက်အလက်များ

| Sr. | Brand | Logo | Company Name | Factory Address | Website Link |
|---|---|---|---|---|---|
| 1 | SCG (မော်လမြိုင်ဆင်) | | Mawlamyine Cement Limited | ခရုံဂူ-ချောင်းနှစ်ခွလမ်း၊ ကွမ်ငံကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။ | https://mawlamyinecementlimited.com/ |
| 2 | Double Rhinos (ကြံ့နှစ်ကောင်အနီ) | | Double Rhinos Cement | ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။ | http://www.doublerhinoscement.com/ |
| 3 | Alpha | | Myanmar Conch Cement Co., Ltd. | အမှတ် (၃)၊ အကြီးစားစက်မှုဇုန်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။ | https://www.myanmarconch.com/my_MM/ |
| 4 | Apache | | Shwe Taung Cement Co., Ltd. | ပြည်ညောင်ကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း။ | https://www.apachecement.com/ |
| 5 | Crown | | Ngwe Yi Pale Group of Co., Ltd. | အမှတ် အက်ဖ်-၁၊ ၆၂-စက်မှုပန်းခြံလမ်း၊ ဆ-ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။ | https://www.facebook.com/CrownCementMyanmar/- |

MMRD RESEARCH DIVISION

INdustry INsight

# (က) ဘိလပ်မြေ တံဆိပ်တစ်ခုချင်းစီ၏ အချက်အလက်များ

| Sr. | Brand | Logo | Company Name | Factory Address | Website Link |
|---|---|---|---|---|---|
| 6 | Blue Diamond | | Highland Cement International Co., Ltd. | အမှတ် ၄၃/၁၊ ၃၅ လမ်း၊ ၆၉ လမ်း နှင့် ၇၀ လမ်းကြား၊ မဟာအောင်မြေ မြို့နယ်၊ မန္တလေးတိုင်း။ | https://bluediamondcement.com/ |
| 7 | KBZ | | KBZ Group of Companies | ပြည်ထောင်စု လမ်း၊ ဖောင်တော်ဆိပ် ရွာ၊ တောင်ကြီးမြို့ နယ်၊ ရှမ်းပြည်နယ်။ | https://www.kbzgroup.com.mm/ |
| 8 | Max | | Max Myanmar Holding Co., Ltd. | တောင်ဖီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်မြို့။ | http://beta37.netscriper.net/ |
| 9 | Tiger Head (ကျားခေါင်း) | | UE Export Import Co., Ltd. | ကျောက်ဖျာအရှေ့ကွင်း၊ တောင်တော်ကျေးရွာ အုပ်စု၊ သံရွာအနီး၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။ | https://www.facebook.com/UeTigerHeadPortlandCement/ |
| 10 | Yojin | | Yojin Myanmar Cement Co., Ltd. | အမှတ် ၉ ဒီ၊ သီလဝါ အထူးစီးပွားရေးဇုန်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။ | https://www.facebook.com/YojinMyanmarCement/ |

# (က) ဘိလပ်မြေ တံဆိပ်တစ်ခုချင်းစီ၏ အချက်အလက်များ

| Sr. | Brand | Logo | Company Name | Factory Address | Website Link |
|---|---|---|---|---|---|
| 11 | AAA | | AAA Cement International Co., Ltd. | အမှတ် ၃၉၆၊ ၈၁ လမ်း၊ ၃၀ လမ်းနှင့် ၃၁ လမ်းကြား၊ မန္တလေးတိုင်း။ | http://www.aaagroupmdy.com |
| 12 | Sin Minn | | M.Y Associates Co., Ltd. | မ-၂၄၊ ၂ (တ) ၆၇ လမ်းနှင့် မိုးသောက်ပန်း လမ်းထောင့်၊ မန္တလေးတိုင်း။ | https://www.myholdings.com.mm/m-y-associates/ |
| 13 | Dragon | | Ruby Dragon Group | တီကြစ်ရွာ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ဘက်။ | https://www.rubydragongroup.com/dragon-cement.html |
| 14 | Rhino | | Myanmar Economic Corporation | လှာကာရွာ၊ မြိုင်ကလေး မြို့နယ်၊ ဖားအံမြို့၊ ကရင်ပြည်နယ်။ | https://www.mecwebsite.com/no-2-4000-tpd-process-cement-plant-myaingglay/ |

# (၁) ဘိလပ်မြေ စက်ရုံများ၏ တည်နေရာပြ မြေပုံ




Source: MMRD | Industry Insight

# ၃။ ဈေးကွက်ဦးဆောင်သူများ

## (က) ဈေးကွက်အတွင်းအရောင်းရဆုံး ဘိလပ်မြေတံဆိပ် (၅) ခု




SCG




Double Rhinos




Apache




Alpha




Crown

- ရန်ကုန်မြို့ ဘိလပ်မြေဈေးကွက်အတွင်း အရောင်းရဆုံး ဘိလပ်မြေတံဆိပ်များမှာ Double Rhinos (ကြံ့နှစ်ကောင်အနီ) နှင့် SCG (မော်လမြိုင်ဆင်) တို့ဖြစ်သည်။
- SCG (မော်လမြိုင်ဆင်) သည် နာမည်အကြီးဆုံး၊ လူသိအများဆုံးဖြစ်ပြီး Double Rhinos (ကြံ့နှစ်ကောင်အနီ) သည် ဈေးသက်သာသဖြင့် လူသုံးများကြသည်။
- အခြား အရောင်းရဆုံး အမှတ်တံဆိပ်များမှာ Apache, Alpha နှင့် Crown တို့ဖြစ်ကြသည်။

# (၁) ဈေးကွက်အတွင်းအကြီးမားဆုံး ဖြန့်ဖြူးသူ၊ ကုမ္ပဏီ (၅) ခု

Zin Htet Trading Co., Ltd. (Farmer Phoyarzar)



Naing Nine Steel & Cement Distribution Co., Ltd.

Shwe Me Co., Ltd.




Doh Tar Won Home Mart




Shwe Myittar Home Mart

*Source: In-depth interview*

# ၄။ ဘိလပ်မြေ အရောင်းဆိုင်များ၏ အချက်အလက်များ

## (က) ရောင်းချမှုပုံစံနှင့် ငွေချေစနစ်

**Cash Down (လက်ငင်း)**

- ရန်ကုန်မြို့ရှိ ဘိလပ်မြေ အရောင်းဆိုင်အများစုသည် လက်ငင်းသာ ရောင်းချကြသည်။
- ဆိုင်အများစုသည် ဘိလပ်မြေအိတ်များကို ကားဖြင့် အခမဲ့ လိုက်ပို့ပေးကြသည်။

**Credit Sales (အကြွေး)**

- အကြွေးစနစ်ဖြင့် ရင်းနှီးသော မိတ်ဆွေများနှင့် ပုံမှန်ဖောက်သည် များကိုသာ ရောင်းချကြသည်။
- အကြွေးစနစ်ရောင်းချရာတွင် ၁ ပတ်မှ ၃ ပတ်အထိ စောင့်ဆိုင်း၍ ပေးချေနိုင်သည်။

# (ခ) အရောင်းကိုယ်စားလှယ်များအတွက် အကျိုးခံစားခွင့်များ

- ဘိလပ်မြေအရောင်းဆိုင် အများစုတွင် ယခင်က အိတ်ရေအလိုက် (ဥပမာ - အိတ် ၁ ထောင် ရောင်းချရလျှင် အပို ၁၀ အိတ်ပေး) အကျိုးခံစားခွင့်များ၊ အိတ်အတွင်း ငွေသားကံစမ်းမဲများ စသည်တို့အား ကုမ္ပဏီများမှ သတ်မှတ် ပေးထားသော်လည်း ယခုအခါ အဆိုပါ ပရိုမိုးရှင်းများ နည်းပါးသွားပြီဖြစ်သည်။
- ဖြန့်ဖြူးရောင်းချသူများအား အရောင်းတန်ဖိုးပေါ်မူတည်၍ နှစ်စဉ် ဆုချီးမြှင့်ခြင်းများ သတ်မှတ်ပေးထားသည်။




Alpha တံဆိပ် ဘိလပ်မြေသည် ယခုနှစ်ပိုင်းအတွင်းဈေးကွက်ထိုးဖောက်အား အကောင်းဆုံး ဖြစ်လာသည်။

ဖြန့်ဖြူးရောင်းချသူများ အတွက်သာမက ဝယ်ယူသုံးစွဲသူများအတွက်ပါ ခံစားခွင့်များ သတ်မှတ်ပေးထားသည်။

# ၅။ အနာဂတ် ခန့်မှန်းချက်

## (က) ဘိလပ်မြေ စျေးကွက်၏ အလားအလာ

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ခဲ့သည့်အလျောက် မြန်မာနိုင်ငံသည် ယခုနှစ်ပိုင်းတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ယခင်ကထက် ပိုမိုရရှိလာပြီဖြစ်သည်။
- အိမ်နီးချင်းနိုင်ငံများမှ ဘိလပ်မြေတင်သွင်းမှုများ လျော့နည်းလာပြီဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုများပိုမိုများပြားလာသည့်အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် လိုအပ်သည့် ဘိလပ်မြေပမာဏအား အလွယ်တကူ ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။
- ကျေးလက်မှတစ်ဆင့် မြို့ကြီးများသို့ ပြောင်းရွှေ့အခြေချ နေထိုင်သူများပြားလာသည့်အလျောက် တိုက်တာ၊ အဆောက်အဦးများ ပိုမိုဆောက်လုပ်ရန်အတွက် ဘိလပ်မြေ ဝယ်လိုအား မြင့်မားလာခဲ့သည်။
- တစ်ဖန် ယခုအခါ ဘိလပ်မြေအိတ်များကို စက်ရုံများမှတစ်ဆင့် အရောင်းကိုယ်စားလှယ်ကုမ္ပဏီများ၊ ဖြန့်ဖြူးရောင်းချသူများထံသို့ သဘောၤဖြင့်တင်ပို့နေပြီ ဖြစ်သည့်အတွက် ယခင်ကထက် ကုန်ကျစရိတ် ပိုမိုသက်သာလာပြီဖြစ်သည်။
- နယ်ဝေးမသွားနိုင်သည့် ဘိလပ်မြေစျေးကွက်၏ အဓိက အခက်အခဲဖြစ်သော သယ်ယူပို့ဆောင်ရေးအခက်အခဲအားလည်း အထိုက်အလျောက် ဖြေရှင်းနိုင်မည်ဖြစ်သည်။

# (ခ) ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများ

- မြန်မာနိုင်ငံ ဘိလပ်မြေဈေးကွက်၏ အဓိက အခက်အခဲမှာ သယ်ယူပို့ဆောင်ရေးပင်ဖြစ်သည်။
- ဘိလပ်မြေ အိတ်များကို နယ်ဝေးသို့ သယ်ယူပို့ဆောင်ရာတွင် ကားတစ်စီးလျှင် အိတ် ၇၀၀ သာဆန့်ခြင်းကြောင့် လုံလောက်စွာ ဖြန့်ဖြူးနိုင်ခြင်းမရှိသည်ကို တွေ့ရှိရသည်။
- ထိုင်းနိုင်ငံမှ သွင်းကုန်များ လျော့နည်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင် ဘိလပ်မြေအိတ် တန်ဖိုးများတက်လာကာ စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ကိုင်ရ ခက်ခဲလျက်ရှိသည်။
- ရာသီဥတု အခြေအနေများ ဆိုးရွားနေခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများ (အထူးသဖြင့် ထိုင်းနိုင်ငံ)မှ ဘိလပ်မြေ တင်သွင်းမှု လျော့နည်းနေသည့်အတွက် ပြည်တွင်းရှိ ဘိလပ်မြေ အိတ်များ တန်ဖိုးတက်ရခြင်းဖြစ်ပြီး ယခင်က ၁ အိတ်လျှင် မြန်မာငွေ ၁၀၀၊ ၂၀၀ ကျပ်ခန့်သာ မြင့်တက်ခဲ့သော်လည်း ယခုအခါ ယခင်ပုံမှန်ဈေး ၅၅၀၀ ကျပ်မှ ၅၉၀၀ ကျပ်နှင့် ၆၅၀၀ ကျပ်အတွင်းသို့ မြင့်တက်ခဲ့ကြောင်း ပြည်တွင်းဘိလပ်မြေ အရောင်းဆိုင်များမှ သိရသည်။

*Source: Global New Light of Myanmar*

# ကျေးဇူးတင်ပါသည်။